# မြန်မာ့ရိုးရာထမနဲပွဲတော်ဖိတ်ကြားလွှာ

မြန်မာနိုင်ငံသားတိုင်း မြန်မာ့ရိုးရာ အစဉ်အလာများကို မြတ်နိုးစွာ တန်ဘိုးထားတတ်ကြသည်။ အရိုးကွဲမတတ် အေးခဲလှသော တပို့တွဲလရာသီတွင် မြန်မာနိုင်ငံနေရာတိုင်းတွင် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကြီးများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ကျင်းပပြုလုပ်မြဲဖြစ်သော ထမနဲပွဲတော်ကို ဖလော်ရီဒါပြည်နယ်၊ ဓမ္မာလောကကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သောကြောင့် တစ်ဖက်ပါ အစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

## မြန်မာ့အစားအစာထမနဲ၏ ကောင်းကျိုးများ

(၁)ဆောင်းရာသီအအေးဓာတ်၏ အအေးပတ်ဖွဲ့မှုကြောင့် ဖြစ်ပေါ်တတ်သော ချဉ်ဆီခမ်းခြောက်ခြင်း၊ အသားအရည်ခမ်းခြောက်ခြင်းများကို အကာအကွယ်ပေးနိုင်ခြင်း။

(၂)မြန်မာပြည်သားအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေပြီး အချင်းချင်းညီညွတ်မှု၏ စွမ်းအားများကို လက်တွေ့ခံစားရခြင်း.။

**ဓမ္မာလောကဗုဒ္ဓဘာသာအသင်း**

# မြန်မာ့ရိုးရာထမနဲပွဲတော်အစီအစဉ်များ

နေ့ရက် - ၁၃၇၃-ခု တပို့တွဲလဆန်း (၁၂)ရက်၊ စနေနေ့။

Date - February 4 , 2012 (Saturday)

နေရာ - ဓမ္မာလောကကျောင်းတိုက်၊ မီရမာမြို့။

Where – Dhammaloka Buddhist Society, 2500, Acapulco Dr, Miramra , FL 33023

အချိန် - ည (၈)နာရီ တိတိ။

## အခမ်းအနားအစီအစဉ်များ

(၁)နမော တဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအစီအစဉ်များကို ဖွင့်လှစ်ရန်။

(၂) ကြွရောက်လာကြသော ပရိသတ်များအားလုံး စုပေါင်း၍ ဘုရားရှင်အား ပဌာန်းတရားဖြင့် ရွတ်ပွားပူဇော်ကြရန်။

(၃)ဓမ္မာလောကဆရာတော်ကြီးထံမှ တရားဒေသနာများကို နာယူ ပြီးလျှင် ရေစက်သွန်းချ အမျှဝေရန်။

(၄)ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းရန်။